# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

<u>ကြေညာချက်အမှတ် (၃၂ / ၂၀၁၉)</u>

၁၃၈၀ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

### အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ပိုင်ဆိုင်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီများစာရင်းကို ကြေညာရန် နေ့ရက် ရွှေ့ဆိုင်းခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အသက်အာမခံလုပ်ငန်းကို ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ပိုင်ဆိုင်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ စာရင်းကို ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက်၊ သောကြာနေ့တွင် ထုတ်ပြန်မည်ဟု အဆိုပြုလွှာများကို လက်ခံသည့်ကာလ ခေါ်ယူစဉ်က ထည့်သွင်းဖော်ပြခဲ့ပါသည်။

၂။ သို့ရာတွင် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများကို စိစစ်ရွေးချယ်နေဆဲဖြစ်ပါသဖြင့် လုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ စာရင်းကို ၂၀၁၉ ခုနှစ် ဧပြီလ ၅ ရက်၊ (သောကြာနေ့) တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့် ပြုမည့်စာရင်းတွင် မပါဝင်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီများအနေဖြင့် ပြည်တွင်းအသက် အာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးပြင်ဆင်ချိန် ရက်သတ္တပတ် (၄) ပတ် ရရှိရန်အတွက် လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ တင်သွင်းရမည့် နောက်ဆုံးရက်ကို ၂၀၁၉ ခုနှစ် မေလ ၃ ရက်၊ ၁၂:၀၀ နာရီ အချိန်သို့ ပြောင်းလဲသတ်မှတ်လိုက်သည်။